# ဘုရားဂုဏ်တော်(၉)ပါး

**ဣတိပိ သောဘဂဝါ အရဟံ , သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော
ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။**

၁။ ကိလေသာတည်းဟူသော ရန်သူတို့ကို ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရားပါတကား။

၂။ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၃။ ဝိဇ္ဇာ(၃)ပါး, ဝိဇ္ဇာ(၈)ပါး, စရဏ(၁၅)ပါးတို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားပါတကား။

၄။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၅။ လောက(၃)ပါးကို သိတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၆။ အတုမရှိ မြတ်တော်မူသည်ဖြစ်၍ မယဉ်ကျေးသော လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၇။ နတ်လူတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရားပါတကား။

၈။ သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားထင်ထင် ကိုယ်တိုင်မြင်၍ သုံးခွင်ဘုံသား ဝေနေအားလည်း ဟောကြားမြွက်ဖော် သိစေတော်မူသော မြတ်စွာဘုရားပါတကား။

၉။ ဣရိယာပထ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်စုံ ဘဂဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားပါတကား။

ဤ(၉)ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ မြတ်နိုးပါ၏၊ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏ အရှင်မြတ်ဘုရား။

# တရားဂုဏ်တော် (၆)ပါး

**သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော,**
**အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော,**
**ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။**

၁။ မြတ်စွာဘုရားသည် ကောင်းစွာဟောကြားတော်မူအပ်သော ပရိယတ်, မဂ်, ဖိုလ်, နိဗ္ဗာန်တရား(၁၀)ပါး ပါတကား။

၂။ အရိယာပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်ရှုမြင်အပ်ပြီးသော မဂ်, ဖိုလ်, နိဗ္ဗာန်တရား (၉)ပါး ပါတကား။

၃။ အခါမလင့် အခြားမဲ့ကာလ၌ ဖိုလ်အကျိုးကို ဖြစ်စေတတ်သော မဂ်တရား(၄)ပါး ပါတကား။

၄။ လာလှည့် ရှုလှည့်ဟု တိုက်တွန်းအပ်သော အစီအရင်ကို ခံထိုက်သော မဂ်, ဖိုလ်, နိဗ္ဗာန်တရား (၉)ပါး ပါတကား။

၅။ ကပ်၍ ဆောင်ယူခြင်းငှာထိုက်သော မဂ်, ဖိုလ်, နိဗ္ဗာန် တရား(၉)ပါး ပါတကား။

၆။ ဉာဏ်ရှိတည့်သူစသော အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့၏စိတ်၌ သိအပ်ခံစားအပ်ပြီးသော မဂ်, ဖိုလ်, နိဗ္ဗာန်တရား(၉)ပါး ပါတကား။

ဤ(၆)ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော တရားတော် မြတ်အပေါင်းအား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏၊ မြတ်နိုးပါ၏။ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏ အရှင်မြတ်ဘုရား။

## သံဃာ့ဂုဏ်တော် (၉)ပါး

**သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊**
**ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊**
**ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊**
**သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊**
**ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊**
**ဧသ ဘဂဝတော သာဝကသံဃော ။**

**အာဟုနေယျော၊**
**ပါဟုနေယျော၊**
**ဒက္ခိဏေယျော၊**

## အဋ္ဌလီကရဏီယော၊
## အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

၁။ ကောင်းသောအကျင့်ကို ကျင့်ပြီးကျင့်ဆဲဖြစ်သော အရိယာသံဃာ (၈)ပါး အပေါင်းပါတကား။

၂။ ဖြောင့်မတ်သောအကျင့်ကို ကျင့်ပြီးကျင့်ဆဲဖြစ်သော အရိယာသံဃာ (၈)ပါး အပေါင်းပါတကား။

၃။ နိဗ္ဗာန်အကျိုးငှာ ကျင့်ပြီးကျင့်ဆဲဖြစ်သော အရိယာသံဃာ (၈)ပါး အပေါင်းပါတကား။

၄။ ရိုသေမှုပြုထိုက်အောင် ကျင့်ပြီးကျင့်ဆဲဖြစ်သော အရိယာသံဃာ(၈)ပါး အပေါင်းပါတကား။

၅။ အဝေးမှဆောင်၍ လှူအပ်သော ပစ္စည်းလေးပါးတို့ကို အလှူခံထိုက်သော အရိယာသံဃာ(၈)ပါး အပေါင်းပါတကား။

၆။ ဧည့်သည်ကောင်းတို့အလို့ငှာ အထူးစီရင်အပ်သော အာဂန္တုကဒါနကို အလှူခံထိုက်သော အရိယာသံဃာ (၈)ပါး အပေါင်းပါတကား။

၇။ မြတ်သောအလှူကို ခံထိုက်သော အရိယာသံဃာ (၈)ပါး အပေါင်းပါတကား။

၈။ လက်အုပ်ချီမိုးခြင်းကို ခံထိုက်သော အရိယာသံဃာ (၈)ပါး အပေါင်းပါတကား။

၉။ လူအပေါင်း၏ ကောင်းမှုမျိုးစေ့၏ စိုက်ပျိုးကွဲချရာ အတုမရှိ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော အရိယာသံဃာ (၈)ပါး အပေါင်းပါတကား။

ဤ(၉)ပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူပေသော အရိယာသံဃာတော်မြတ်အပေါင်းအား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏၊ မြတ်နိုးပါ၏၊ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏ အရှင်မြတ်ဘုရား။

ဤသို့ ဘုရား တရား သံဃာ ရတနာ(၃)ပါး မိဘ ဆရာသမားတို့အား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ်ကံ စေတနာ အပေါင်းတို့ကြောင့် အပြစ်ခပ်သိမ်း ဘေးခပ်သိမ်း ရန်ခပ်သိမ်း အန္တရာယ်ခပ်သိမ်းတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းပျောက် မကျရောက်ကုန်သည်ဖြစ်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်သို့ ရောက်ကြောင်း သူတော်ကောင်းတို့၏ အကျင့်တရား ဘဝမခြား ကြိုးစားမယုတ် အားထုတ်နိုင်ရပါလို၏ အရှင်မြတ်ဘုရား။

***မန္တလေးမစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တနာယကာဘိဝံသ***

## မုဒိတာပွားပုံ

### အနောဓိသပုဂ္ဂိုလ်ငါးယောက်

၁။ သဗ္ဗေ သတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =

အားလုံးသော သတ္တဝါတွေ

**ရရှိပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့။**

**ရရှိပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ဘဲ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊**

**ချမ်းသာမြဲ ချမ်းသာကြပါစေ။**

၂။ သဗ္ဗေ ပါဏာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =

အားလုံးသော အသက်ရှိသူတွေ **.....**

၃။ သဗ္ဗေ ဘူတာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =

အားလုံးသော ထင်ရှားရှိသူတွေ .....

၄။ သဗ္ဗေ ပုဂ္ဂလာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =

အားလုံးသော ပုဂ္ဂိုလ်တွေ .....

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု=

အားလုံးသော ခန္ဓာကိုယ် အတ္တဘောရှိသူတွေ .....

## ဩဓိသပုဂ္ဂိုလ် ခုနစ်ယောက်

၁။ သဗ္ဗာ ဣတ္ထိယော ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =

အားလုံးသောအမျိုးသမီးတွေ

**ရရှိပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ကြပါစေနဲ့။**

**ရရှိပြီးစည်းစိမ်ချမ်းသာမှ မဆုတ်ယုတ်ဘဲ ပြည့်စုံမြဲ ပြည့်စုံကြပါစေ၊**

**ချမ်းသာမြဲ ချမ်းသာကြပါစေ။**

၂။ သဗ္ဗေ ပုရိသာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =

အားလုံးသော အမျိုးသားတွေ .....

၃။ သဗ္ဗေ အရိယာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =

အားလုံးသော အရိယာပုဂ္ဂိုလ်တွေ .....

၄။ သဗ္ဗေ အနရိယာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =

အားလုံးသော ပုထုဇဉ်ပုဂ္ဂိုလ်တွေ .....

၅။ သဗ္ဗေ ဒေဝါ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =

အားလုံးသော နတ်ပြဟ္မာတွေ .....

၆။ သဗ္ဗေ မနုဿာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =

အားလုံးသော လူသားတွေ .....

၇။ သဗ္ဗေ ဝိနိပါတိကာ ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု =

အားလုံးသော အပါယ်ဘုံသားတွေ .....

ထိုပုဂ္ဂိုလ် (၁၂) ယောက်တို့ကို အရပ် (၁၀) မျက်နှာနဲ့တွဲကာ ဆက်ပြီး မုဒိတာပွားရမယ်။ ပုဂ္ဂိုလ် (၁၂)ယောက်ကို အရပ် (၁၀) မျက်နှာဖြင့် မြှောက်ရင် (၁၂၀)ဖြစ်တယ်။ ယင်းကိုအရပ်မျက်နှာနဲ့ မတွဲဖက်ဘဲ သက်သက်ပွားများရတဲ့ မူလပုဂ္ဂိုလ် (၁၂)ယောက်နဲ့ ပေါင်းလိုက်ရင် မုဒိတာ(၁၃၂) ဖြစ်ပါတယ်။